**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ (၈-၇-၂၀၂၆)**
**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးငြိမ်းထွေး၊ အင်းစိန်မဲဆန္ဒနယ်က** အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားမြေတွင် တည်ဆောက်ထားသော ဘောလုံးကွင်းအား အားကစားဝန်ကြီးဌာနမှ အခမဲ့မြေလွှဲပေးရန် လျှောက်ထားလာပါက လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** အားကစားရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အင်းစိန်ခရိုင်နှင့် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်မည်ဆိုပါက အခမဲ့အသုံးပြုခွင့် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဒေါက်တာနန္ဒာလှမြင့်၊ ကလောမဲဆန္ဒနယ်က** အမှုထမ်းအဆင့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံအတွင်းရှိ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များ၌ အခမဲ့ခရီး သွားလာနိုင်ရေး စတင် စီမံဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** တာဝန်ဖြင့် ခရီးသွားလာသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ခရီးစရိတ်၊ နေ့တွက်စရိတ်၊ တည်းခိုစရိတ်များကို ဥပဒေနှင့်အညီ ခံစားခွင့်ပြုထားပြီး အမှုထမ်းအဆင့် နိုင်ငံ့ဝန်ထမ်းများအား ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များတွင် အခမဲ့ ခရီးသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးမောင်ရွှေ၊ လှိုင်ကော်မဲဆန္ဒနယ်က** လှိုင်ကော်မှ ရန်ကုန်သို့ အသွားအပြန် ခရီးစဉ်ရပ်နားထားသည့် မြန်မာအမျိုးသား လေကြောင်းလိုင်းအား မည်သည့်အချိန်နှင့် မည်သို့သော နှုန်းထားများဖြင့် ကောက်ခံ၍ ပြေးဆွဲပေးမည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** လေယာဉ်ပြေးဆွဲရေးလုပ်ငန်းစဉ်များကို အမြန်ဆုံးဆောင်ရွက်၍ ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လေယာဉ်လက်မှတ်ခ ခန့်မှန်း ၃၂၀,၀၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ်မဲဆန္ဒနယ်က** ကော့ကရိတ်မြို့အဝင်လှိုင်ချောင်းနှင့် မြို့တွင်းရှိ ချောင်းတောင်ချောင်းအား အမြန်ဆုံးပြန်လည်တူးဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** ချောင်းတောင်ချောင်းအတွင်း ပိတ်ဆို့နေသော သောင်ခုံများကို ကွင်းဆင်းတိုင်းတာ စစ်ဆေး၍ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးစန်းမြင့်၊ မြစ်သားမဲဆန္ဒနယ်က** ခရုတုတ်(အရှေ့ရွာ) မြောက်ဘက်ရှိ ပန်းလောင်မြစ်နံရံနှင့် မြစ်ရေထိန်းတာရိုး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာနက** ကမ်းပြိုမှုမှကာကွယ်နိုင်ရန် အလျား ပေ ၂၄၀၀ ကို ကွန်ကရစ်ပိုင်တိုင်အခြေပြု ကျောက်ဖြည့် မြေထိန်းနံရံ တည်ဆောက်ခြင်းကို ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်က** ကော့မှူးမြို့ အမှတ်(၂)မြောင်းမှ ထမ္ဘနိုင်ကျေးရွာထိ မြောင်းသည် တိမ်ကောနေပါသဖြင့် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေ (သို့မဟုတ်) ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ်ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဦးအောင်ဇော်လင်း၊ သနပ်ပင်မဲဆန္ဒနယ်က** တိမ်ကောနေသည့် မင်းရွာကျောင်းစုကျေးရွာအုပ်စုအတွင်းရှိ ကြာဖြူရိုးအား ပြန်လည်တူးဖော်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ပြည်ထောင်စု သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၈။ | **ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်က** ငပုတောမြို့နယ်ရှိ ရေငံတား ရေတံခါးများကို ပြုပြင်ပေးရန်နှင့် ဆည်မြောင်း ရေတံခါး လုံခြုံမှုရှိစေရေးအတွက် စီစဉ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ရေငံတားတံခါး ၃ လုံးကို ယခုဘဏ္ဍာနှစ်တွင် ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် တံခါး ၁၀ လုံးအား လာမည့်ဘဏ္ဍာနှစ်များတွင် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ပြုပြင်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဦးအောင်နိုင်၊ ဝေါမဲဆန္ဒနယ်က** ဝေါမြို့နယ်အတွင်းရှိ ထိန်တပင်-ဝင်းကဒက်ချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ချောင်းအောက်ခြေအကျယ် ၂၃ ပေနှင့် အနက် ၈ ပေ တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဒေါက်တာအောင်ကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က** ရေထွက်ပစ္စည်းများ တိုးချဲ့မွေးမြူမည့် စီမံချက်၊ တန်ဖိုးမြှင့်ပစ္စည်း (Value Added) ပြုလုပ်မည့်အစီအစဉ်နှင့် ဘဏ္ဍာရေးနှစ်တစ်နှစ်ချင်း ထုတ်လုပ်မှုလျာထားချက်၊ ငါးနှစ်တစ်ကြိမ် ထုတ်လုပ်မှုအစီအမံစသည်တို့အား မည်သို့တိုးချဲ့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ၂၀၂၆-၂၀၃၀ ကို ရေးဆွဲထုတ်ပြန်ထားရှိပြီး (၅) နှစ် တာကာလအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေး၊ ကုန်စျေးနှုန်းကျဆင်းရေးနှင့် ပြည်သူ အများအသား၊ နို့၊ ဥများ အဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |